# ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး

# ၄၂ ရက်မြောက်နေ့ အစီအစဉ်

# ၂၇ – ၁၀ – ၂၀၁၁ (ကြာသပတေးနေ့)

၁။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်း နှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၄၂ ရက်မြောက်နေ့ အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်း နှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော် ကိုယ်စားလှယ်များက မေးမြန်းခြင်း နှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း–

(က) ဦးဝင်းဆွေ၊ ညောင်ရွှေ မဲဆန္ဒနယ်၏ "ရာသီအလိုက် ပွဲတော်များကို ကျင်းပပေးရန်" နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ခ) ဦးစိုင်းသီဟကျော်၊ မိုင်းရယ် မဲဆန္ဒနယ်၏" ပညာရေးဌာန အကြီးအကဲများ" နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဂ) ဦးစိုင်းသီဟကျော်၊ မိုင်းရယ် မဲဆန္ဒနယ်၏ "ကျောင်းအုပ်ကြီးများကို ရာထူးတိုးပေးခြင်း " နှင့်စပ်လျဉ်းသည့် မေးခွန်း။

(ဃ) ဦးစိုင်းသီဟကျော်၊ မိုင်းရယ် မဲဆန္ဒနယ်၏ "အထက်တန်းကျောင်းအုပ်ကြီးများကို ပြန်တမ်းဝင်လစာပေးရန်" နှင့်စပ်လျဉ်းသည့် မေးခွန်း။

(င) ဒေါ်နန်းစေအွာ၊ ဘားအံ မဲဆန္ဒနယ်၏ "ဘားအံတက္ကသိုလ်တွင် ဥပဒေအထူးပြုဘာသာရပ်ထားပေးရန်" နှင့်စပ်လျဉ်းသည့် မေးခွန်း။

(စ) ဦးရှိသီး၊ လေရှီး မဲဆန္ဒနယ်၏ "စာစစ်ဌာနများဖွင့်ပေးရန်" နှင့် စပ်လျဉ်းသည့် မေးခွန်း။

(ဆ) ဦးခင်ဝင်း၊ ပန်းတောင်း မဲဆန္ဒနယ်၏ " ဘွဲ့ရအထွေထွေလုပ်သား များ ရာထူးတိုးမြှင့်ရေး" နှင့်စပ်လျဉ်းသည့် မေးခွန်း။

၆။ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့် ပေးပို့သော " နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း" နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာ တင်သွင်းခြင်း။

၇။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့် ပေးပို့သော " နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း" ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း။

၈။ ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့် ပေးပို့သော "လွှတ်တော်ရုံးဥပဒေကြမ်း" နှင့်စပ်လျဉ်း၍ ဥပဒေကြမ်း ကော်မတီ ၏ အစီရင်ခံစာ တင်သွင်းခြင်း။

၉။ "လွှတ်တော်ရုံးဥပဒေကြမ်း" နှင့်စပ်လျဉ်း၍ လွှတ်တော်၏ဆန္ဒရယူခြင်း။

၁၀။ ဒေါက်တာစိုးရင်၊ ကမာရွတ်မဲဆန္ဒနယ်၏ "ယနေ့ဖြစ်ထွန်းနေသော နိုင်ငံ တကာတက္ကသိုလ် ပညာရေးစနစ်များနှင့် လိုက်လျောညီထွေရှိသော ပုဂ္ဂလိကတက္ကသိုလ်များ(**Private Universities**) မြန်မာနိုင်ငံတွင်ဖွင့်လှစ် တည်ထောင်ခွင့်ပြုရေးအတွက် လိုအပ်မည့် ပုဂ္ဂလိကတက္ကသိုလ် ပညာရေး ဥပဒေကြမ်း တစ်ရပ်ပြုစုရေးဆွဲပေးရေး" အဆိုတင်သွင်းခြင်း။

၁၁။ ဒေါက်တာစိုးရင်၊ ကမာရွတ် မဲဆန္ဒနယ်၏ အဆိုကို အောက်ပါလွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးခြင်း–

(က) ဒေါက်တာမြဦး ၊ ငါန်းဇွန် မဲဆန္ဒနယ်။

(ခ) ဦးသန်းနွယ်၊ ဘုတလင် မဲဆန္ဒနယ်။

(ဂ) ဒေါ်တင်နွယ်ဦး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မဲဆန္ဒနယ်။

၁၂။ အဆိုနှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၁၃။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန် အစည်းအဝေး ၄၂ ရက်မြောက်နေ့ ရပ်နားကြောင်း နှင့် အစည်းအဝေး ၄၃ ရက်မြောက်နေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။